**၂၀၁၁ခုနှစ်၊ ဇူလိုင်လ(၇)ရက်နေ့ (၁၀၀၀) နာရီအချိန် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) (ပထမနေ့)အစည်းအဝေး မှတ်တမ်း (၁/၂၀၁၁) အစည်းအဝေးတက်ရောက်ကြသူများစာရင်း**

၁။ အောက်ဖော်ပြပါပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ဒုဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ စုစုပေါင်း(၃၁)ဦး တက်ရောက်ကြပါတယ် -

| | |
|---|---|
| ဦးအုန်းမြင့် | ပြည်နယ်ဝန်ကြီးချုပ် |
| ဦးကျင်ဖေ | လွှတ်တော်ဥက္ကဋ္ဌ |
| ဦးငွေးလွင် | လွှတ်တော်ဒုတိယဥက္ကဋ္ဌ |
| ဗိုလ်မှူးကြီးငွေးမြင့်အောင် | ဝန်ကြီး၊လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| ဒေါက်တာခင်မောင်သွင် | ဝန်ကြီး၊စီးပွားရေးဝန်ကြီးဌာန |
| ဒေါက်တာတိုးတိုးအောင် | ဝန်ကြီး၊စက်မှုဝန်ကြီးဌာန |
| ဒေါက်တာလှဦး | ဝန်ကြီး၊ပညာရေးနှင့်ကျန်းမာရေးဝန်ကြီးဌာန |
| ဦးမျိုးညွန့် | ဝန်ကြီး၊စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန |
| ဦးဝင်းမော်ဦး | ဝန်ကြီး၊သစ်တောဝန်ကြီးဌာန |
| ဦးထွန်းလှိုင် | ဝန်ကြီး၊သာသနာရေးနှင့်အလုပ်သမားဝန်ကြီးဌာန |
| ဦးနိုင်လဝီအောင်(ခ)နိုင်မြင့်ဆွေ | ဝန်ကြီး၊စွမ်းအင်နှင့်လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ဒေါက်တာမင်းနွယ်စိုး | ဝန်ကြီး၊ လူမှုရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| ဦးအောင်ကျော်သိန်း | ဝန်ကြီး၊ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန |
| ဦးဖေမြ(ခ)ခွန်ဖေမြ | ဝန်ကြီး၊ပအိုဝ့်တိုင်းရင်းသားရေးရာဝန်ကြီးဌာန |
| ဦးသက်ဝင်း | ဝန်ကြီး၊ဗမာတိုင်းရင်းသားရေးရာဝန်ကြီးဌာန |
| ဦးစိန်မြင့် | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် |

| | |
|---|---|
| ဦးလှထွန်း | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် |
| ဦးစံတင် | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် |
| ဦးအောင်နိုင်ဦး | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် |
| ဦးမောင်လန်း | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် |
| ဦးချမ်းမြင့် | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် |
| ဦးမင်းသိန်းဟန် | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် |
| ဦးသိန်းဇော် | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် |
| ဦးနိုင်ဦး | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် |
| ဗိုလ်မှူးလှမိုးသိန်း | တပ်မတော်သားကိုယ်စားလှယ် |
| ဗိုလ်မှူးသက်မင်းထွန်း | တပ်မတော်သားကိုယ်စားလှယ် |
| ဗိုလ်မှူးဇော်ထက် | တပ်မတော်သားကိုယ်စားလှယ် |
| ဗိုလ်ကြီးကျော်စွာဦး | တပ်မတော်သားကိုယ်စားလှယ် |
| ဗိုလ်ကြီးနေမျိုးသက် | တပ်မတော်သားကိုယ်စားလှယ် |
| ဗိုလ်မှူးသန်းလွင် | တပ်မတော်သားကိုယ်စားလှယ် |
| ဗိုလ်မှူးအောင်မြတ်မိုး | တပ်မတော်သားကိုယ်စားလှယ် |

**အစည်းအဝေးမတက်ရောက်နိုင်၍ ခွင့်ပန်ကြားသူများ**

၂။ မရှိပါ။

**ရည်ရွယ်ချက်**

၃။ ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၁) ပထမနေ့အား အောင်မြင်စွာကျင်းပနိုင်ရန်။

## နေရာယူရန်ပန်ကြားခြင်း

၄။ ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၁)ပထမနေ့တွင် အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ်လွှတ်တော်ရုံးအကြီးအမှူး ဦးဇော်လင်းထွန်းက ဆောင်ရွက်ပြီး တွဲဘက်အခမ်းအနားမှူးအဖြစ် ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်တို့က ဆောင်ရွက်ကြကာ ပြည်နယ်လွှတ်တော် အထူးအစည်းအဝေးအား အစီအစဉ်(၇)ခုဖြင့် ကျင်းပပါသည်။

၅။ အစည်းအဝေးတွင် အခမ်းအနားမှူးက ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁)ပထမနေ့ စတင်တော့မည်ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအားလုံး နေရာယူပေးကြပါရန် ပန်ကြားအပ်ပါသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရောက်ရှိနေရာယူခြင်း

၆။ (၁၀၀၀) နာရီအချိန်တွင် အခမ်းအနားမှူးက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား ကြွရောက် နေရာယူပေးပါရန် ပန်ကြားသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

## အစည်းအဝေးထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

၇။ (၁၀၀၁) နာရီအချိန်တွင် အခမ်းအနားမှူး ပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံသို့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပေးရန် ပန်ကြားရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ယနေ့ ကျင်းပပြုလုပ်သော ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်ဝန်ကြီးချုပ် အပါအဝင် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ စုစုပေါင်း (၃၁)ဦးရှိရာ (၃၁)ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၁၀၀%) ဖြစ်သည့်အတွက် ပြည်နယ်

လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၃၄(ခ)အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါသည်။

**မွန်ပြည်နယ်ဝန်ကြီး ဌာနများပြင်ဆင်ဖွဲ့စည်းသတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အစည်းအဝေးတွင် တင်ပြခြင်း**

၈။ (၁၀၀၂) နာရီအချိန်တွင် အခမ်းအနားမှူးမှ မွန်ပြည်နယ်ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းသတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြပေးပါရန် ပန်ကြားခဲ့ရာ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ(၄၇)၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၂၄၈) ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ် (၁) အရ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဌာနများကို ပြင်ဆင်သတ်မှတ် ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်တွင် ပြည်နယ်ဝန်ကြီးဌာန(၉)ခုကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ဖွဲ့စည်းမည်ဖြစ်ကြောင်း ကြေညာပေးပါသည်-

(က) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန

(ခ) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဂ) စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

(ဃ) သစ်တောနှင့်သတ္တုဝန်ကြီးဌာန

(င) စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန

(စ) လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန

(ဇ) စည်ပင်သာယာရေးဝန်ကြီးဌာန

(ဈ) လူမှုရေးဝန်ကြီးဌာန

**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြဆွေးနွေးခြင်း**

၉။ (၁၀၀၅) နာရီအချိန်တွင် ဝန်ကြီးဌာနများပြင်ဆင်ဖွဲ့စည်းသတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ (၃၆)(က) အရ တင်ပြဆွေးနွေးလိုသည်များရှိပါက ဆွေးနွေးနိုင်ကြောင်း (၃)ကြိမ် ဖိတ်ခေါ်ခဲ့ရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြဆွေးနွေးခြင်း မရှိပါ။

**ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

၁၀။ (၁၀၀၈)နာရီအချိန်တွင် မွန်ပြည်နယ်ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းသတ်မှတ်နိုင်ရေး အတွက် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ်(၁)၊ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ(၄၇) အရ အောက်ပါအတိုင်း ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းသတ်မှတ်ရန် ပြည်နယ်လွှတ်တော်မှ သဘောတူဆုံးဖြတ်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ကြေညာပါသည် -

(က) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန

(ခ) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(ဂ) စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

(ဃ) သစ်တောနှင့်သတ္တုဝန်ကြီးဌာန

(င) စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန

(စ) လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ) လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန

(ဇ) စည်ပင်သာယာရေးဝန်ကြီးဌာန

(ဈ) လူမှုရေးဝန်ကြီးဌာန

**အစည်းအဝေးပြီးမြောက်ကြောင်းကြေညာခြင်း**

၁၁။ (၁၀၁၀) နာရီအချိန်တွင် အခမ်းအနားမှူးမှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) (ပထမနေ့)အား အောင်မြင်စွာပြီးစီးသွားသဖြင့် ရပ်နားကြောင်းကြေညာခဲ့ပါသည်။

မှတ်တမ်းတင်သူ

(ညီညီလွင်၊ လက်ထောက်ညွှန်ကြားရေးမှူး)

စာအမှတ်၊ ၁၀၀ / လွှတ်တော် (အစည်းအဝေး) / ၀၁၇

ရက်စွဲ၊ ၂၀၁၁ ခုနှစ် ၊ ဇူလိုင် လ ၁၂ ရက်

**ဖြန့်ဝေခြင်း**

အစည်းအဝေးတက်ရောက်သူများအားလုံး

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ

**ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) (ပထမနေ့) တွင် အဆိုတင်သွင်းခြင်း(၁)ရပ်နှင့် သဘောတူဆုံးဖြတ်ခြင်း (၁)ရပ်**

**၁။ ပထမနေ့အစည်းအဝေးကျင်းပသည့်ရက်**

၇-၇-၂၀၁၁ ရက်နေ့(ကြာသာပတေးနေ့)

**၂။ ကျင်းပသည့်အချိန်**

နံနက်(၁၀၀၀)နာရီ

**၃။ ကျင်းပသည့်နေရာ**

ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ(ရာမညဆောင်)

**၄။ အဆိုတင်သွင်းခြင်း(၁)ရပ်**

(က) မွန်ပြည်နယ်အတွက် ဝန်ကြီးဌာနများပြင်ဆင်ဖွဲ့စည်း သတ်မှတ်နိုင်ရေးအတွက် အဆိုတင်သွင်းခြင်း၊

**၅။ သဘောတူဆုံးဖြတ်ခြင်း(၁)ရပ်**

(က) မွန်ပြည်နယ်အတွက် ဝန်ကြီးဌာနများပြင်ဆင်ဖွဲ့စည်းသတ်မှတ်ခြင်းအား အောက်ပါအတိုင်း သဘောတူဆုံးဖြတ်ခြင်း -

(၁) လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန

(၂) ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

(၃) စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

(၄) သစ်တောနှင့်သတ္တုဝန်ကြီးဌာန

(၅) စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန

(၆) လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန

(၇) လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန

(၈) စည်ပင်သာယာရေးဝန်ကြီးဌာန

(၉) လူမှုရေးဝန်ကြီးဌာန

**၂၀၁၁ခုနှစ်၊ ဇူလိုင်လ(၈)ရက်နေ့ (၁၀၀၀)နာရီအချိန် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) (ဒုတိယနေ့)အစည်းအဝေး မှတ်တမ်း (၂/၂၀၁၁) အစည်းအဝေးတက်ရောက်ကြသူများစာရင်း**

၁။ အစည်းအဝေးတက်ရောက်ကြသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | |
|---|---|
| ဦးအုန်းမြင့် | ပြည်နယ်ဝန်ကြီးချုပ် |
| ဦးကျင်ဖေ | ဥက္ကဋ္ဌ |
| ဦးဌေးလွင် | ဒုတိယဥက္ကဋ္ဌ |
| ဗိုလ်မှူးကြီးဌေးမြင့်အောင် | ဝန်ကြီး၊လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| ဒေါက်တာခင်မောင်သွင် | ဝန်ကြီး၊စီးပွားရေးဝန်ကြီးဌာန |
| ဒေါက်တာတိုးတိုးအောင် | ဝန်ကြီး၊စက်မှုဝန်ကြီးဌာန |
| ဒေါက်တာလှဦး | ဝန်ကြီး၊ပညာရေးနှင့်ကျန်းမာရေးဝန်ကြီးဌာန |
| ဦးမျိုးညွန့် | ဝန်ကြီး၊စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန |
| ဦးဝင်းမော်ဦး | ဝန်ကြီး၊သစ်တောဝန်ကြီးဌာန |
| ဦးထွန်းလှိုင် | ဝန်ကြီး၊သာသနာရေးနှင့်အလုပ်သမားဝန်ကြီးဌာန |
| ဦးနိုင်လဝီအောင်(ခ)နိုင်မြင့်ဆွေ | ဝန်ကြီး၊စွမ်းအင်နှင့်လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ဒေါက်တာမင်းနွယ်စိုး | ဝန်ကြီး၊ လူမှုရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |
| ဦးအောင်ကျော်သိန်း | ဝန်ကြီး၊ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန |
| ဦးဖေမြ(ခ)ခွန်ဖေမြ | ဝန်ကြီး၊ပအိုဝ့်တိုင်းရင်းသားရေးရာဝန်ကြီးဌာန |
| ဦးသက်ဝင်း | ဝန်ကြီး၊ဗမာတိုင်းရင်းသားရေးရာဝန်ကြီးဌာန |
| ဦးစိန်မြင့် | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် |
| ဦးလှထွန်း | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် |
| ဦးစံတင် | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် |
| ဦးအောင်နိုင်ဦး | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် |

| | |
|---|---|
| ဦးမောင်လန်း | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် |
| ဦးချမ်းမြင့် | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် |
| ဦးမင်းသိန်းဟန် | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် |
| ဦးသိန်းဇော် | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် |
| ဦးနိုင်ဦး | ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် |
| ဗိုလ်မှူးလှမိုးသိန်း | တပ်မတော်သားကိုယ်စားလှယ် |
| ဗိုလ်မှူးသက်မင်းထွန်း | တပ်မတော်သားကိုယ်စားလှယ် |
| ဗိုလ်မှူးဇော်ထက် | တပ်မတော်သားကိုယ်စားလှယ် |
| ဗိုလ်ကြီးကျော်စွာဦး | တပ်မတော်သားကိုယ်စားလှယ် |
| ဗိုလ်ကြီးနေမျိုးသက် | တပ်မတော်သားကိုယ်စားလှယ် |
| ဗိုလ်မှူးသန်းလွင် | တပ်မတော်သားကိုယ်စားလှယ် |
| ဗိုလ်မှူးအောင်မြတ်မိုး | တပ်မတော်သားကိုယ်စားလှယ် |

**အစည်းအဝေးမတက်ရောက်နိုင်၍ ခွင့်ပန်ကြားသူများ**

၂။ မရှိပါ။

**ရည်ရွယ်ချက်**

၃။ ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၁) ဒုတိယနေ့အား အောင်မြင်စွာကျင်းပနိုင်ရန်။

**နေရာယူရန်ပန်ကြားခြင်း**

၄။ ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၁)ဒုတိယနေ့တွင် အခမ်းအနားမှူးအဖြစ် မွန်ပြည်နယ်လွှတ်တော်ရုံးအကြီးအမှူး ဦးဇော်လင်းထွန်းက ဆောင်ရွက်ပြီး တွဲဘက်အခမ်းအနားမှူးအဖြစ် ပြည်နယ်လွှတ်တော်ရုံး ဒုတိယ

ညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်တို့က ဆောင်ရွက်ကြကာ ဒုတိယနေ့ အစည်းအဝေးအား အစီအစဉ်(၇)ခုဖြင့် ကျင်းပပါသည်။

၅။ အစည်းအဝေးတွင် အခမ်းအနားမှူးက ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁)ဒုတိယနေ့ စတင်တော့မည်ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအားလုံး နေရာယူပေးကြပါရန် ပန်ကြားအပ်ပါသည်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရောက်ရှိနေရာယူခြင်း**

၆။ (၁၀၀၀) နာရီအချိန်တွင် အခမ်းအနားမှူးက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား ကြွရောက်နေရာယူပေးပါရန် ပန်ကြားသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**အစည်းအဝေးထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း**

၇။ (၁၀၀၁) နာရီအချိန်တွင် အခမ်းအနားမှူး ပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံသို့ အစည်းအဝေးထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပေးရန် ပန်ကြားရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပပြုလုပ်သော ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်ဝန်ကြီးချုပ် အပါအဝင် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးရေးရာ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ စုစုပေါင်း(၃၁)ဦး ရှိရာ (၃၁)ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၁၀၀%) ဖြစ်သည့်အတွက် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါသည်။

**မွန်ပြည်နယ်ဝန်ကြီး ဌာနများပြင်ဆင်ဖွဲ့စည်းသတ်မှတ်နိုင်ရေးအတွက် ပြည်နယ်လွှတ်တော်ကအတည်ပြုထားသော ဝန်ကြီးဌာန(၉)ခုတွင် ပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသည့် ဝန်ကြီးများအမည်စာရင်းအား တင်ပြခြင်း**

၈။ (၁၀၀၂) နာရီအချိန်တွင် အခမ်းအနားမှူးမှ မွန်ပြည်နယ်ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းသတ်မှတ်နိုင်ရေးအတွက် ပြည်နယ်လွှတ်တော်က အတည်ပြုထားသော ဝန်ကြီးဌာန(၉)ခုတွင် ပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသည့်အမည်စာရင်းကို ယှဉ်တွဲဖော်ပြပါအတိုင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်တွင် ကြေညာပေးခဲ့ပါသည် -

| | | |
|---|---|---|
| (က)ဗိုလ်မှူးကြီးငွေးမြင့်အောင် | တပ်မတော်သားကိုယ်စားလှယ် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ခ)ဒေါက်တာခင်မောင်သွင် | ဘီးလင်းမြို့နယ်မဲဆန္ဒနယ်(၁) | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (ဂ)ဦးမျိုးညွန့် | သံဖြူဇရပ်မြို့နယ်မဲဆန္ဒနယ်(၁) | စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန |
| (ဃ)ဦးဝင်းမော်ဦး | ဘီးလင်းမြို့နယ်မဲဆန္ဒနယ်(၂) | သစ်တောနှင့်သတ္တုဝန်ကြီးဌာန |
| (င)ဒေါက်တာမင်းနွယ်စိုး | မုဒုံမြို့နယ်မဲဆန္ဒနယ်(၂) | စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန |
| (စ)ဦးထွန်းလှိုင် | သထုံမြို့နယ်မဲဆန္ဒနယ်(၁) | လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| (ဆ)ဦးနိုင်လဝီအောင်(ခ) ဦးနိုင်မြင့်ဆွေ | ရေးမြို့နယ်မဲဆန္ဒနယ်(၁) | လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန |
| (ဇ) ဒေါက်တာတိုးတိုးအောင် | မော်လမြိုင်မြို့နယ်မဲဆန္ဒနယ်(၂) | စည်ပင်သာယာရေးဝန်ကြီးဌာန |
| (ဈ)ဒေါက်တာလှဦး | မော်လမြိုင်မြို့နယ်မဲဆန္ဒနယ်(၁) | လူမှုရေးဝန်ကြီးဌာန |

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တင်ပြဆွေးနွေးခြင်း

၉။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသွားသည့် ပြည်နယ်လွှတ်တော်မှ အတည်ပြုထားသော ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းသတ်မှတ်နိုင်ရေးအတွက် အတည်ပြုထားသော ဝန်ကြီးဌာန(၉)တွင် မွန်ပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသည့် ဝန်ကြီးများ အမည်စာရင်းနှင့် ပတ်သက်၍ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ (၃၆)(က) အရ တင်ပြဆွေးနွေးနိုင်ကြောင်း (၃) ကြိမ် ဖိတ်ခေါ်ခဲ့ရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြဆွေးနွေးခြင်း မရှိပါ။

## ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

၁၀။ (၁၀၀၅)နာရီအချိန်တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော်ကအတည်ပြုထားသော ပြည်နယ်ဝန်ကြီးဌာန(၉)ခုတွင် ပြည်နယ်ဝန်ကြီးချုပ်မှယှဉ်တွဲဖော်ပြပါ အမည်စာရင်းတင်သွင်းသည့် ဝန်ကြီးများ အမည်စာရင်းအား တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြဆွေးနွေးရန် မရှိသဖြင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၅၂)အရ ပြည်နယ်လွှတ်တော်မှ သဘောတူဆုံးဖြတ်ကြောင်း ကြေညာပါသည် -

| | | | |
|---|---|---|---|
| (က) | ဗိုလ်မှူးကြီးဌေးမြင့်အောင် | တပ်မတော်သားကိုယ်စားလှယ် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ခ) | ဒေါက်တာခင်မောင်သွင် | ဘီးလင်းမြို့နယ်မဲဆန္ဒနယ်(၁) | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (ဂ) | ဦးမျိုးညွန့် | သံဖြူဇရပ်မြို့နယ်မဲဆန္ဒနယ်(၁) | စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန |
| (ဃ) | ဦးဝင်းမော်ဦး | ဘီးလင်းမြို့နယ်မဲဆန္ဒနယ်(၂) | သစ်တောနှင့်သတ္တုဝန်ကြီးဌာန |
| (င) | ဒေါက်တာမင်းနွယ်စိုး | မုဒုံမြို့နယ်မဲဆန္ဒနယ်(၂) | စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန |

(စ) ဦးထွန်းလှိုင် သထုံမြို့နယ်မဲဆန္ဒနယ်(၁) လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန

(ဆ)ဦးနိုင်လဝီအောင်(ခ) ဦးနိုင်မြင့်ဆွေ ရေးမြို့နယ်မဲဆန္ဒနယ်(၁) လျှပ်စစ်နှင့်စက်မှုလက်မှု ဝန်ကြီးဌာန

(ဇ) ဒေါက်တာတိုးတိုးအောင် မော်လမြိုင်မြို့နယ်မဲဆန္ဒနယ်(၂)စည်ပင်သာယာရေး ဝန်ကြီးဌာန

(ဈ) ဒေါက်တာလှဦး မော်လမြိုင်မြို့နယ်မဲဆန္ဒနယ်(၁) လူမှုရေးဝန်ကြီးဌာန

**လွှတ်တော်ဥက္ကဋ္ဌမှ ကိုယ်စားလှယ်များသို့ မှာကြားခြင်း**

၁၁။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ကိုယ်စားလှယ်များသို့ မှာကြားချက်အား နောက်ဆက်တွဲဖြင့် ဖော်ပြပါသည်။

**အစည်းအဝေးပြီးမြောက်ကြောင်းကြေညာခြင်း**

၁၂။ (၁၀၁၂) နာရီအချိန်တွင် အခမ်းအနားမှူးမှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) (ဒုတိယနေ့) အား အောင်မြင်စွာပြီးစီးသွားသဖြင့် ရပ်နားကြောင်းကြေညာခဲ့ပါသည်။

မှတ်တမ်းတင်သူ
(ညီညီလွင်၊ လက်ထောက်ညွှန်ကြားရေးမှူး)

စာအမှတ်၊ ၁၀၀ / လွှတ်တော် (အစည်းအဝေး) / ၀၁၇
ရက်စွဲ၊ ၂၀၁၁ ခုနှစ် ၊ ဇူလိုင် လ ၁၂ ရက်

**ဖြန့်ဝေခြင်း**

အစည်းအဝေးတက်ရောက်သူများအားလုံး

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ

## ၂၀၁၁ခုနှစ် ဇူလိုင်လ(၈) ရက်နေ့ နံနက်(၁၀၀၀) နာရီအချိန် မွန်ပြည်နယ် လွှတ်တော်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၁) တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးကျင်ဖေမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသို့မှာကြားချက်

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကိုယ်စားလှယ်များခင်ဗျား၊ ကျင်းပလျက်ရှိတဲ့ မွန်ပြည်နယ် ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေးကြီးဟာ မိနစ်ပိုင်းအတွင်း ပြီးဆုံးပါတော့မယ်။ အထူးအစည်းအဝေးကို သတ်မှတ်ချက်နှင့်အညီ (၁၅) ရက်ကြိုတင်ဖိတ်ကြားရခြင်း၊ တပ်မတော်(ရေ)မှ တပ်မတော်သားကိုယ်စားလှယ်များအား ဖိတ်ကြားခြင်း၊ ၎င်းတို့၏ သွားလာရေးများအရ ကျင်းပမည့်ရက်ကို ဇူလိုင်လ(၇) ရက်နေ့နှင့် (၈) ရက်နေ့များ၌ သတ်မှတ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၁ ဇန်နဝါရီလ (၃၀) ရက်နေ့က စတင် သက်ဝင်လှုပ်ရှားခဲ့တဲ့ ကျွန်တော်တို့ ပြည်နယ်လွှတ်တော်သည် သက်တမ်းအားဖြင့် (၅)လ(၉)ရက်၊ ယနေ့ဆိုလျှင် (၁၀)ရက်ဖြစ်ပါတယ်။ ၃၀-၃-၂၀၁၁ ရက်နေ့က စတင်ခဲ့တဲ့ ပြည်နယ်အစိုးရအဖွဲ့၏ သက်တမ်းကလည်း (၃)လ(၉)ရက် ၊ တစ်နည်းအားဖြင့် (၉၉)ရက် ၊ ယနေ့ဆိုလျှင်ရက်(၁၀၀)ရှိပြီးဖြစ်ပါတယ်။ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် လွှတ်တော်လုပ်ငန်းဆိုင်ရာများ စတင်နိုင်ရေးအတွက် ဆောင်ရွက်မှုများ ပြုခဲ့ပါတယ်။ လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲကျင်းပခြင်း၊ လွှတ်တော်၏အဓိကတာဝန်ဖြစ်သော ဥပဒေပြုရေးလုပ်ငန်းအတွက် ဥပဒေရေးရာဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ကိုယ်စားလှယ်များအနေဖြင့် Self Study လုပ်ခြင်းဖြင့် Capacity Building လုပ်ရန်အတွက် စာအုပ်စာတမ်းများ၊ စာစောင်များ၊ ဥပဒေများ၊ အကြီးအကဲ၏ မိန့်မှာချက်၊ မိန့်ခွန်းများကို ဖြန့်ဝေခဲ့ပါတယ်။ ရေးရာကော်မတီ (၃) ခုလုံး လစဉ်ပုံမှန်ညှိနှိုင်းခြင်းများ ပြုလုပ်ကာနောင်ကျင်းပမည့် လွှတ်တော်အစည်းအဝေးများတွင် ပြုနိုင်သည့် ဥပဒေပြုနိုင်ရေး၊ လိုအပ်သည့်ဥပဒေများပြင်ဆင်နိုင်ရေး၊ အဆိုများ တင်နိုင်ရေး၊ မေးခွန်းများမေးနိုင်ရေးတို့အတွက် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။

ကန့်သတ်

ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူ့အသံ၊ ပြည်သူ့သဘောဆန္ဒများကို ကြားအောင်၊ နားထောင်၊မြင်အောင်ကြည့်ကြရပါမည်။ မိမိတို့တွေ့ရှိ၊ သိရှိချက်များကို ဘက်စုံ ထောင့်စုံ ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်မှု ပြုနိုင်ရန် အရေးကြီးပါသည်။ ရှုမြင်သုံးသပ်မှု မပြည့်စုံလျှင်၊ ရှုမြင်သုံးသပ်မှုမမှန်ကန်လျှင် လွဲမှားမှုများဖြစ်သွားနိုင်ပါသောကြောင့် ဖြစ်ချင်စိတ်၊ လုပ်ချင်စိတ်များပြီး ဆန္ဒစောပြီး ဆောင်ရွက်မှုမပြုမိကြရန် သတိထားသင့်ပါကြောင်း၊ (၃၀-၃-၂၀၁၁)ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်သမ္မတက **"ဒီကနေ့ကစပြီး မြန်မာနိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအစီအစဉ် လုပ်ငန်းစဉ်စတင်ခဲ့ပြီးဖြစ်ပါတယ်" " ဒီမိုကရေစီစနစ်ကိုပြောင်းလဲရာမှာ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအတွင်းမှာ ဒီမိုကရေစီကျင့်စဉ်များထွန်းကားလာအောင် ဆောင်ရွက်ပေးဖို့လိုသလို ပြည်သူလူထုအတွင်းမှာလည်း ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားလာအောင်ဆောင်ရွက်ပေးဖို့လိုပါတယ်"** လို့မိန့်ကြားခဲ့ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များအားလုံးလည်း လေ့လာပြီးဖြစ်သည်လို့ ယူဆပါတယ်။ ဝန်ထမ်းများ ဖြစ်ကြတဲ့ဌာနဆိုင်ရာများနှင့် ပြည်သူလူထုအတွင်း ဒီမိုကရေစီကျင့်စဉ်ကို စတင်မိတ်ဆက် ပေးသည့် ကာလဖြစ်တာကြောင့် ကိုယ်စားလှယ်များအနေဖြင့် လူထုနှင့်ဌာနများကို ထိတွေ့ ဆက်သွယ်ရာတွင် တစ်ခါတစ်ရံ သတိလက်လွတ်စိတ်စောမှု၊ သတိလွတ်အားနည်းမှုနှင့် တစ်ဘက်မှာအရိုးစွဲလာသောအစဉ်အလာများကြောင့်မပြေလည်မှုများ မဖြစ်ရလေအောင် ရင့်ကျက်မှုရှိခြင်း၊ သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ နားလည်မှုရှိခြင်း စသည့်ဂုဏ်သိက္ခာ များစွဲကိုင်ပြီး လူထုအကျိုးရှိရေး၊ အစိုးရအဖွဲ့လုပ်ငန်းအောင်မြင်မှု အထောက်အကူပြုရေး တို့အတွက် Education နှင့် Experience သင်ယူလေ့လာမှတ်သားမှု၊ ဘဝအတွေ့အကြုံ နှင့်ပေါင်းစပ်ကာ လိမ္မာပါးနပ်စွာဆောင်ရွက်သွားသင့်ပါတယ်။ ယနေ့နိုင်ငံတော်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကြီးများ အကောင်အထည် ဖော်လျက်ရှိပါတယ်။ ဒီစီမံကိန်းလုပ်ငန်းကြီးအောင်မြင်ရေးအတွက် ကိုယ်စားလှယ်များ အနေဖြင့် ပါဝင်အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း မှာကြားလိုပါတယ်။ ကိုယ်စားလှယ်များခင်ဗျား၊ လွှတ်တော်အစည်းအဝေးကျင်းပချိန်မဟုတ်သော်လည်း ကိုယ်စားလှယ်များအနေဖြင့် အဆိုများပေးပို့ခြင်း၊ မေးခွန်းများစာဖြင့် ပေးပို့ခြင်း၊ မိမိတွေ့ရှိ

သိရှိမှုများကို ပြည့်စုံသောသုံးသပ်ချက်များဖြင့် ဆောင်ရွက်နိုင်ပါကြောင်းကိုလည်း အသိပေး အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ပထမအကြိမ်မွန်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/၂၀၁၁)(ဒုတိယနေ့)တွင် အဆိုတင်သွင်းခြင်း (၁) ရပ် နှင့် သဘောတူဆုံးဖြတ်ခြင်း (၁) ရပ်**

**၁။ ဒုတိယနေ့အစည်းအဝေးကျင်းပသည့်ရက်**

၈-၇-၂၀၁၁ ရက်နေ့(သောကြာနေ့)

**၂။ ကျင်းပသည့်အချိန်**

နံနက်(၁၀၀၀)နာရီ

**၃။ ကျင်းပသည့်နေရာ**

ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ(ရာမညဆောင်)

**၄။ အဆိုတင်သွင်းခြင်း(၁)ရပ်**

(က) မွန်ပြည်နယ်အတွက် ပြည်နယ်ဝန်ကြီး(၉)ဦးအမည်စာရင်းအားအဆိုတင်သွင်းခြင်း၊

**၅။ သဘောတူဆုံးဖြတ်ခြင်း(၁)ရပ်**

(က) မွန်ပြည်နယ်အတွက် ဝန်ကြီးဌာနများပြင်ဆင်ဖွဲ့စည်းသတ်မှတ် နိုင်ရန်အတွက် အတည်ပြုပြီးထားသော ဝန်ကြီးဌာန(၉)ခုတွင် အောက်ဖော်ပြပါ ပြည်နယ် ဝန်ကြီး(၉) ဦးတို့အား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ပေးအပ်မှုအား သဘောတူဆုံးဖြတ်ခြင်း -

(၁) ဗိုလ်မှူးကြီးဌေးမြင့်အောင် — လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
တပ်မတော်သားကိုယ်စားလှယ်

(၂) ဒေါက်တာခင်မောင်သွင် — ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ဘီးလင်းမြို့နယ်မဲဆန္ဒနယ်(၁)

(၃) ဦးမျိုးညွန့် — စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
သံဖြူဇရပ်မြို့နယ်မဲဆန္ဒနယ်(၁)

(၄) ဦးဝင်းမော်ဦး — သစ်တောနှင့်သတ္တုဝန်ကြီးဌာန
ဘီးလင်းမြို့နယ်မဲဆန္ဒနယ်(၂)

(၅) ဒေါက်တာမင်းနွယ်စိုး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန
မုဒုံမြို့နယ်မဲဆန္ဒနယ်(၂)

(၆) ဦးထွန်းလှိုင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
သထုံမြို့နယ်မဲဆန္ဒနယ်(၁)

(၇) ဦးနိုင်လဝီအောင် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
(ခ)ဦးနိုင်မြင့်ဆွေ
ရေးမြို့နယ်မဲဆန္ဒနယ်(၁)

(၈) ဒေါက်တာတိုးတိုးအောင် စည်ပင်သာယာရေးဝန်ကြီးဌာန
မော်လမြိုင်မြို့နယ်မဲဆန္ဒနယ်(၂)

(၉) ဒေါက်တာလှဦး လူမှုရေးဝန်ကြီးဌာန
မော်လမြိုင်မြို့နယ်မဲဆန္ဒနယ်(၁)